# ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

# ညောင်တုန်းမြို့နယ်

# စက္ကော့တောင်ကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)**

**(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**(ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ**

**မာတိကာ**

မာတိကာ ၁
စကားချီး ၄
အုန်းပင်စုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းရေးယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**
**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ** (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၇

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၈

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အုန်းပင်စု ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များ ကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး နှင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း

အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း၂ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု

အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုန်းပင်စုကျေးရွာ

ညောင်တုန်းမြို့နယ်

**အုန်းပင်စုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ်**



**ရည်ညွှန်း** - အုန်းပင်စုကျေးရွာ၊ စက္ကော့တောင်ကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆-၉ ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူ ရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှု များကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို

အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံး နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေး ရွေးချယ် ဆောင်ရွက် ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ညောင်တုန်းမြို့သည် မအူပင်ခရိုင်၊ဧရာဝတီတိုင်းတွင် တည်ရှိပြီး မြောက်လက်တ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ်မှ ၉၅ ဒီဂရီ ၅၅ မိနစ်ကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၃၄၈.၂၃ စတုရန်းမိုင် (၂၂၈၆၈ ဧက) ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့ (၂၃.၀၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေတွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များပေါများပြီး ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံတေးမြို့နယ် နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့နှင့် ထိစပ်လျှက် ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ °C ရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် ၁၂ °C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် သြဂုတ်လများ ဖြစ်ပါသည်။

အုန်းပင်စုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ စက္ကော့တောင် ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဟသင်္သာတ-ရန်ကုန်ကားလမ်းမနှင့်(၃) ဖာလုံခန့်ကွာဝေးပြီး ညောင်တုန်းမြို့နှင့်(၅.၅)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာဘေးပတ်ဝန်းကျင်ကျေးရွာများမှာ အရှေ့ ဘက်တွင် ဘုတ်ဆုံချောင်းကျေးရွာနှင့် စက္ကော့ကျေးရွာရှိပြီး တောင်ဘက်တွင်တွင်အောက်စုကျေးရွာ၊ မြောက်ဘက်တွင် ကျုံပလောင်ကျေးရွာတို့ဖြစ်ပါသည်။ အုန်းပင်စုကျေးရွာသည် လယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်သောဒေသတစ်ခုလည်း ဖြစ်ပါသည်။ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် ကျေးရွာအတွင်းရှိ အလုပ်အကိုင်သည် ရာသီတစ်ခုအတွက်သာ ဝမ်းစာဖူလုံမှုရှိသောကြောင့် အခြားပြင်ပသို့ သွားရောက်လုပ်ကိုင်ကြရသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

**အုန်းပင်စု**ကျေးရွာတွင် ရေနံနှင့် **ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း ဆေးဘက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ သံမနိုင်ကျောက်မနိုင်၊ လောက်သေ၊ ငါးရံ့ပလူ၊ ကြိတ်မံရွက်၊ ဘီးစပ်စသည့် သဘာဝဆေးဘက်ဝင်အပင်များပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါ၍ အထောက်အကူဖြစ်သည့် ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သော ဒေသတစ်ခုဖြစ်ပါသည်။**

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

**အုန်းပင်စု**ကျေးရွာတွင် အိမ်ထောင်စု (၁၃၃) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၆၃၂) ဦး ရှိပါသည်။ **ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၃၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏**

**အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်းနေပါသည်။** အသက် (၁၅ နှစ်မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၂)ရာခိုင်နှုန်းရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ်အထက် လူဦးရေစုစုပေါင်း (၂၈)ရာခိုင်နှုန်းသည် မှီခိုသူများ ဖြစ်ကြပါသည်။ **ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားသောကြောင့် လူသား အရင်းမြစ်ကောင်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုကြောင့် အလုပ်လက်မဲ့နှုန်း မြင့်တက်လျက်ရှိသည်။**

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

**ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၅၂) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ (၂၇)စုရှိပြီး လယ်(၁၀) ဧကအထက်ပိုင်ဆိုင် သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံး ကိရိယာများ အပြည့်အစုံမပိုင်ဆိုင်သော အိမ်ထောင်စုများ လည်းရှိသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၃၆)စု ရှိပြီး လယ်(၅) ဧကအထက် လုပ်ကိုင်ကြသူများဖြစ်ကြပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးစသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ ဆင်းရဲသောအိမ်ထောင်စု များမျာ(၃၁)အိမ်ထောင်စုရှိပြီး မြေယာမဲ့ အိမ်ထောင်စုများလည်းရှိသည်။ လယ်ယာသုံး ကိရိယာများ ပိုင်ဆိုင်မှု အနည်းငယ်နှင့် နွားများကို မွေးမြူကြသော အိမ်ထောင်စု အနည်းငယ် ပါဝင်ပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ မရှိသလောက် ဖြစ်ပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၃၉) အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် ကျေးရွာအိမ်ထောင်စု၏ (၄.၂) ရာခိုင်နှုန်းဖြစ်ပြီး ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

**အုန်းပင်စုကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၇၀) စု ရှိသည့်အနက် (၃၉) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၁) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၆)လနှင့် အထက် ချေးငှားခြင်း မပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ၎င်းတို့ သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုး**

**ဈေးစားသူများထံမှ ဈေးယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေ ကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။**

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

**ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးသော စကြော့ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အလှမ်းမဝေးလှပါ။ ထို့ပြင် ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ နှင့်လည်း (၇)မိုင်ခန့်သာဝေးပါသည်။ ရောဂါပြင်းထန်ပါက ရန်ကုန်မြို့သို့သွားရောက်ပြသရန်အတွက် ကားလမ်းမကြီးနှင့်မဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အခြေအနေရှိပါသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးသော ကျေးလက်နေ ပြည်သူများအဖို့ ပြည့်စုံသော ကျန်းမာရေး စောင့်ရှောက်မှုနှင့် အလှမ်းဝေးကွာ နေဦးမည် ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးခြင်းကြောင့်လည်း အဟာရမျှတမှု မရှိခြင်း၊ လူနေမှု အဆင့်အတန်း နိမ့်ပါးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်မှုမရှိခြင်း အစရှိသော အခက်အခဲများကို ကျေးလက်နေပြည်သူများ ရင်ဆိုင်နေကြရပါသည်။**

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အုန်းပင်စုကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းသား (၆၇) ဦးခန့် ပညာသင်ကြားလျက်ရှိပါသည်။ မူလတန်းအဆင့်အောင်မြင်ပြီးသော ကျောင်းသားများသည် ကျေးရွာနှင့်(၁)မိုင် ခန့် ဝေးကွာသော စကြော့ကျေးရွာရှိ အထက်တန်း ကျောင်းအတွင်းတွင် ဆက်လက် ပညာသင်ကြားရပါသည်။ ကျောင်းသားမိဘများ ပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သောကြောင့် မူလတန်းပညာရေး အတွက် အခက်အခဲမရှိ လုပ်ဆောင်နိုင်သည်။

ကျေးရွာအတွင်းရှိ လယ်သမားများ အဓိကအားထားစိုက်ပျိုးကြသော သီးနှံများမှာ စပါးနှင့် မတ်ပဲဖြစ်ပါသည်။ စပါးကို မိုးရာသီနှင့် နွေရာသီ နှစ်သီးထပ်စိုက်ပျိုးကြသည်။ နွေရာသီတွင် ကုန်းမြင့် လယ်မြေများတွင် မတ်ပဲကိုစိုက်ပျိုးကြသည်။ ကြက်၊ ဝက်၊ ဘဲ များကို စီးပွားဖြစ် မွေးမြူခြင်းမရှိသေည်လည်း တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ အသေးစားရေချိုငါးဖမ်းလုပ်ငန်းကို ရာသီအလိုက်လုပ်ကိုင်ကြသော အိမ်ထောင်စု(၂၀)စုခန့်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မှု မရှိသောအိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်၊ ပန်းရံလက်သမား၊ ခေါင်းရွက်

ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ ဆန်စက်များတွင်ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် ကွမ်းစိုက်ပျိုးခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အစိုးရဌာနများတွင်လည်း ဝင်ရောက်အမှုထမ်းနေသော အိမ်ထောင်စုများလည်းရှိနေပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

**အုန်းပင်စုကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်လုပ်နိုင်ကြပြီး တစ်နေ့လုပ်အားခသည် အမျိုးသမီးများထက် အမျိုးသားများ၏ လုပ်အားခပိုများနေကြောင်းတွေ့ရ သည်။ တစ်ရက်လျှင် ပျမ်းမျှလုပ်အားခမှာ အမျိုးသားများသည်(၅၀၀၀)ကျပ်၊ အမျိုးသမီးများသည် (၃၀၀၀)ကျပ် ရရှိပါသည်။ စာတတ်မြောက်မှုတွင်လည်း အတန်းပညာအလိုက် အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက်များသည်။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်လည်း အမျိုးသားများသာလျှင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆုံးဖြတ်ပိုင်ခွင့်များတွင်လည်း အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေသေးသည်။**

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။ အဓိကကျသော စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည်တို့တွင် မြို့ပြများနှင့်ကျေးရွာ ကွာဟမှု ကျဉ်းမြောင်းလာစေသော ဖွံ့ဖြိုးတိုးတက်စေသည့် စီမံချက်များ ချမှတ်နိုင်ရန် အရေးကြီးလှပေသည်။ ယခုအခါ ကျေးလက်ဒေသများတွင် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် လူနေမှုအဆင့်အတန်း အနည်းငယ် တိုးတက်လာသည်ကိုတွေ့ရ သည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

**ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး၊ နာရေး၊ ဘာသာရေးလုပ်ငန်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ အရံမီးသတ်တပ်ဖွဲ့များ၊ ကျောင်းအကျိုးတောဆောင်အဖွဲ့များသည် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ**

ဆောင်ရွက်ကြသည်။ ကျေးရွာဓလေ့အတိုင်း မိမိတို့၏ စိတ် စေတနာကောင်းဖြင့်သာ တတ်အား သရွေ့ ပါဝင်ကူညီကြခြင်းဖြစ်သည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပါဝင်ဖွဲ့စည်း စေ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်စေခဲ့ပါသည်။ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှု အလေ့အထ ရရှိရန် အတွက် အချိန်ယူ၍ ကြိုးပမ်းလုပ်ဆောင်ရဦးမည် ဖြစ်ပေသည်။ ယခုအခါကျေးရွာသည် ယခင်နှစ်များစွာထက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုး တိုးတက်လာသည်ကိုတွေ့ရသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိလယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး စုစုပေါင်း စိုက်ဧက (၂၂၉)ဧကခန့် စိုက်ပျိုးကြသည်။ မိုးစပါးတွင် စိုက်ခင်းအားလုံးသည် ရွှေ့ပြောင်းစိုက်သည့် စနစ် မဟုတ်တော့ပဲ မျိုးစပါးကြဲသည့် စနစ်ကိုသာကျင့်သုံးလာကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် မျိုးစပါးများဝယ်ယူရန်အတွက် အထောက်အကူ ပြုပါသည်။ သို့သော် ဓါတ်မြေသြဇာနှင့် ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓါတ်မြေသြဇာအရောင်းဆိုင်များမှ အတိုးနှုန်း(၃)ကျပ်၊ အလွတ်ချေးငွေအတွက် (၅)ကျပ်နှုန်းအထိ ချေးယူရပါသည်။ နွေစပါးစိုက်ပျိုးရာတွင် မြေပြုပြင်ချိန်တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်း လွန်းခြင်းကြောင့် သက်တမ်းနုစပါးများကိုသာ စိုက်ပျိုးကြသည်။ အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုး ရာတွင် ကွမ်း၊ ကြက်ဟင်းခါး၊ ပဲအမျိုးမျိုး၊ ဘူး များကိုစိုက်ပျိုးကြပါသည်။

အုန်းပင်စုကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကို အနည်းငယ်လုပ်ကိုင်ကြ ပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲ များ မွေးမြူကြပါသည်။ မိုးရာသီတွင် ဥစားဘဲများကို စီးပွားဖြစ် မွေးမြူသော အိမ်ထောင်စု(၃)စု ရှိပါသည်။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတိုးတက်ရန်အတွက် နည်းပညာနှင့်ရောဂါကာကွယ်ရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင် ရေလုပ်သား(၁၀)ဦးရှိပြီး အသေးစားငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ငါးဖမ်းကာလမှာ ဝါဆိုလမှ သီတင်းကျွတ်

**လအထိ (၄)လဖြစ်ပါသည်။ ငါးမဖမ်းရသောကာလများတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရပါသည်။ ရေလုပ်သားတစ်ဦးလျှင် ငါးဖမ်းကိရိယာအတွက် အနည်းဆုံး (၄၀၀၀၀)ကျပ် လိုအပ်ပါသည်။ ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်ပါက ရေလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်သော မိသားစုဝင်ရေလုပ်သားများအတွက် ပိုမိုအဆင်ပြေနိုင်ပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

**အုန်းပင်စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ** ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ **နေ့စားလုပ်ကိုင်သူများမှာ ခြံရှင်းခြင်း၊ ငါးဖမ်းခြင်း၊ ကွမ်းခူးခြင်းနှင့် လယ်ယာလုပ်ငန်းတွင် နေ့စား လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာမှ ထွက်ရှိသော ငှက်ပျောသီး၊ သရက်သီးစသည်တို့ကို ကျေးရွာ နီးစပ်ရာဈေးဖြစ်သော စကြော့ကျေးရွာဈေးသို့ သွားရောက်ရောင်းချကြသည်။ အချို့သည် အစိုးရဝန်ထမ်းများဖြစ်၍ မိမိလစာဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။ ကျေးရွာအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်သောကြောင့် ရာသီအလိုက်သာ လုပ်ကိုင်ခွင့်ရရှိသောကြောင့် ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် ပြင်ပသို့သွားရောက်လုပ်ကိုင်၍ မိသားစု၏ စားဝတ်နေရေးအတွက် အလုပ်အကိုင်ရှာဖွေဖြေရှင်းကြရပါသည်။**

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီး ဌာနတို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၇၀) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေး နိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦး လျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။ အတိုးနှုန်းမှာ(၁)ကျပ် နှုန်း ဖြစ်ပါသည်။

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၉)နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးငွေသက်တမ်းကြာလာသည်နှင့်အမျှ ငွေပမာဏ တိုးမြှင့်၍ချေးနိုင်သည်။ သို့ရာတွင် ကျပန်း မိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်း များ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

အုန်းပင်စုကျေးရွာရှိ မူလတန်းစာသင်ကျောင်းဆောင်မှာ (၈၀'x ၃၀') တစ်ထပ် ဆောင် အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ် ဆရာကြီး(၁)ဦး ဆရာမ(၄)ဦး၊ အထွေထွေလုပ်သား(၁)ဦး စုစုပေါင်း(၆)ဦး ရှိပါသည်။ ဆရာတပည့် အချိုးအားဖြင့် (၁း၁)ဖြစ်ပါသည်။ စာသင်ကျောင်းအား အခန်းဖွဲ့စည်းထားခြင်းမရှိပဲ ဟောခန်းပုံစံဖြင့်သာ ရှိသော

ကြောင့် အခန်းဖွဲ့စည်းရန် အစီအစဉ်ရှိပါသည်။ အခြေခံမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ(၆၇)ဦးရှိပါသည်။ သောက်သုံးရေကို မိမိကျောင်းဝန်းအတွင်းမှ ခပ်ယူသုံးစွဲနိုင်ပါသည်။ သောက်သုံးရေအတွက် ကျောင်းဝန်းအတွင်းတွင် စက်ရေတွင်း(တွင်းနက်) (၁)တွင်းရှိသောကြောင့် သောက်သုံးရေအတွက်တစ်နှစ်ပတ်လုံးဖူလုံသည်။ အိမ်သာအသုံးပြုမှုအနေဖြင့် နှစ်ခန်းတွဲအိမ်သာ (၂)လုံး ရှိပြီး ကျောင်းသူကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။

ကျေးရွာမှ (၃) နှစ် အထက် ကလေးများ (၄၀) ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ် သင်ကြားပေးရန် လိုအပ်ပါသည်။ ကျောင်းဧရိယာသည် ကျဉ်းသည့်အတွက် ကလေးများအတွက် အားကစားကွင်းလိုအပ်ချက်လည်းရှိနေပါသည်။ မူလတန်းအဆင့် အောင်မြင်ပြီးပါက အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့တက်ရောက်ရန် ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသော စက္ကော့အထက်တန်းကျောင်းသို့ ခြေလျင်၊ စက်ဘီးများဖြင့် ကုန်ကျစရိတ် သက်သာစွာ ကျောင်းတက်နိုင်သောကြောင့် ဆင်းရဲသောမိသားစုများအတွက် ပညာရေးကို အဆင်ပြေစွာ သင်ယူနိုင်ပါသည်။

**ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျေးရွာနှင့် (၆)ဖာလုံခန့်ဝေးကွာသော စက္ကော့ ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၂)ဦး၊ သူနာပြု(၁)ဦး၊ သားဖွားဆရာမ(၂)ဦးရှိပါသည်။ သာမန်အသေးစား ဖျားနာခြင်းများအတွက် ကျေးလက်ကျန်းမာရေးဌာနတွင် ကုသမှုခံယူနိုင်ပြီး လိုအပ်သောဆေးဝါး များကို စက္ကော့ကျေးရွာတွင် ဝယ်ယူရရှိနိုင်ပါသည်။ အရေးပေါ် ကျန်းမာရေးအတွက်ကိုမူ ညောင်တုန်းမြို့ပေါ် ရှိ ပြည်သူ့ဆေးရုံနှင့်ဆေးခန်းများတွင် သွားရောက်ကုသနိုင်ပါသည်။**

သောက်သုံးရေအရင်းအမြစ်အနေဖြင့် အဝီစိတွင်းရေကို အဓိကထားအသုံးပြုကြသည်။ ကျေးရွာအတွင်းတွင် စက်ရေတွင်း တွင်းနက်(၁)တွင်းသာရှိပြီး တွင်းတိမ်များသည် အိမ်ထောင်စု အားလုံးနီးပါးတွင်ရှိသည့်အတွက် သောက်သုံးရေဖူလုံမှုရရှိပါသည်။

ကျေးရွာတွင် ယင်လုံအိမ်သာကို တစ်ရွာလုံးသုံးစွဲကြပြီး ကျန်းမာရေးဌာနမှဝန်ထမ်း များမှ ကျန်းမာရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

**လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော် လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက် သရော ပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေး နှင့် အသိပညာတွင်သာမက အတတ်ပညာပါဝင်သောစွမ်းဆောင် ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။**

**(ဈ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အုန်းပင်စုကျေးရွာကိုဖြတ်၍ စက္ကော့-အင်းမ-ကျုံပလောင်-အင်းမကျေးရွာချင်းဆက်လမ်းကို (၁၉၈၀)ခုနှစ်တွင်စတင်ဖောက်လုပ်ခဲ့ပါသည်။ ကျေးရွာအဝင်လမ်းအား(၂၀၀၅)ခုနှစ်တွင် အရှည်ပေ (၁၂၀၀)ကို စတင်ဖောက်လုပ်ခဲ့ပါသည်။ ၎င်းကျေးရွာလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် (၂၆.၁.၂၀၁၈)ရက်နေ့တွင် ကွန်ကရစ်ခြင်းလုပ်ငန်းကို ဌာနနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍတွင် **ရန်ကုန်-ဟသ်ာတကားလမ်းမကြီးနှင့် နီးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ မြစ်ချောင်းများမရှိခြင်းကြောင့် ကုန်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အသုံးပြုကြသောယာဉ်များမှာ ထော်လာဂျီ၊ ဆိုင်ကယ်နှင့်စက်ဘီးများ ဖြစ်ကြပါသည်။ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ယခင်က ကျေးရွာပိုင်ဒီဇယ်အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးအသုံးပြုကြသော်လည်း ယခုအခါ ဆက်လက်အသုံးပြုနိုင်ခြင်း မရှိသောကြောင့် ဆိုလာမီးနှင့် ဘက္ထရီမီးကိုသာ မိမိအစီအစဉ်ဖြင့် အဆင်ပြေသလို သုံးစွဲနေကြရသည်။**

**ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင်များ မရှိသော်လည်း တယ်လီဖုန်းဆက်သွယ်နိုင်ခြင်း၊ အင်တာနက်လိုင်းများအသုံးပြုနိုင်ခြင်းစသည့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်သော ကျေးရွာဖြစ်ပါသည်။။ သတင်းအချက်အလက်များအား အင်တာနက်၊ ရေဒီယို၊ တီဗွီ၊ ဖုန်းများမှ တဆင့် ရယူနိုင်ပါသည်။**

**(ည) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

**ကျေးရွာတွင် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာ**

ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ မှုခင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါက နီးစပ်ရာ ရဲစခန်းမှလည်း ဥပဒေဆိုင်ရာဝန်ဆောင်မှုများ အချိန်မီ ဆောင်ရွက်ပေးခြင်းကြောင့် ဒုစရိုက်နှင့်ကြီးမားသော မှုခင်းများဖြစ်လေ့မရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အုန်းပင်စုကျေးရွာသည် လယ်ယာစိုက်ပျိုးရေးအတွက် အခြေအနေ ကောင်းများမှာ သဘာဝ ရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချ နိုင်ခြင်း၊ စိုက်ပျိုး ရေအတွက် အသင့်အတင့်လုံလောက်ခြင်း၊ ချေးငွေများ ရရှိနိုင်ခြင်း၊ သီးနှံ မျိုးစေ့များကို ဝယ်ယူ၍ ရနိုင်ခြင်း၊ သဘာဝမြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ ရရှိနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ လုပ်သား အသင့်အတင့် ရရှိနိုင်ခြင်း၊ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာ ဝန်ဆောင်မှုအား ရရှိနိုင်ခြင်း၊ စိုက်ပျိုး သီးနှံများအား ရောင်းချရန် ဈေးကွက်ရှိခြင်း၊ စိုက်ပျိုး ရေးသုံး ကိရိယာများအား အသင့်အတင့် ပိုင်ဆိုင်ခြင်း တို့ဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ (၄၅၀)ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂)ရာခိုင်နှုန်း ရှိပါသည်။ ထိုသို့ အလုပ်လုပ်နိုင်သော လူဦးရေများ သောကြောင့် ကျေးရွာတွင် သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နိုင်ပါသည်။ နောင်လာမည့်အနာဂါတ်မှာလည်း ကလေးသူငယ်များနှင့် လူငယ်မောင်မယ်များတို့ သည် ခေတ်လူယ်များဖြစ်သောကြောင့် မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းမြစ်များ ရှိနေပါသည်။

အုန်းပင်စုကျေးရွာတွင် မိုးစပါး၊ နွေစပါးနှင့် မတ်ပဲများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးကွက် အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် လယ်သမားမိသားစုများကို အမှီပြု လုပ်ကိုင်ကြသော ကျပန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှိသောကြောင့် အဆင်ပြေသည်။

အုန်းပင်စုကျေးရွာတွင် အသေးစားရေလုပ်ငန်းလုပ်ကိုင်သော မိသားစုများအတွက် ဖမ်းဆီးရရှိ သော ငါး၊ ပုစွန်များကို ဈေးကွက်သို့ အမြန်ဆုံးတင်ပို့နိုင်ခြင်း၊ အသေးစားဈေးကွက်နှင့် နီးခြင်းကြောင့် အလွယ်တကူရောင်းချနိုင်ပါသည်။

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမ၊ ပက်-မြန်မာစသည့်ချေးငွေများကို လက်လှမ်းမီသောကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေပမာဏအား ရရှိနိုင်ပါသည်။

အုန်းပင်စုကျေးရွာရှိမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် ဆရာ၊ ဆရာမများ လုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုအားကောင်းသော မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သောအလားအလာများ ဖြစ်ပါသည်။ ၄င်းအပြင် အလယ်တန်းအဆင့်နှင့် အထက်တန်းပညာများ သင်ယူမည့် အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၁)မိုင်ခန့်သာ ကွာဝေးသောကြောင့် နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာ ပညာသင်ယူနိုင်မည်ဖြစ်ပါသည်။

ကျေးရွာအုပ်စုအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိသောကြောင့် ကျန်းမာရေးအတွက် ဝန်ဆောင်မှုရရှိနိုင်ပါသည်။ ညောင်တုန်းမြို့မဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ သွားလာရန်အတွက်လည်း ရန်ကုန်-ဟင်္သာတကားလမ်းမကြီးနှင့် လည်းအသင့်အတင့်သာကွာဝေးသောကြောင့် ကုန်းလမ်းခရီး ကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ဝန်ထမ်းများမှ လစဉ်ကာကွယ်ဆေးထိုးနှံမှုများပြုလုပ်ပေးလျက်ရှိသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

အုန်းပင်စုကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်းအုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။

အုန်းပင်စုကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုလိုသော်လည်း လယ်ကွက်များ၏အကျယ်အဝန်းမှာ ကျဉ်းမြောင်း ခြင်း၊ စပါးအထွက်တိုးနည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ

ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်း ပညာများ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူ အားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် များစွာအချိန်ယူ ရအုံးမည်ဖြစ်ပါသည်။

အုန်းပင်စုကျေးရွာအနေဖြင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သောလ မိသားစုများမှာ အသက်မွေးဝမ်းကြောင်းပညာများတတ်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း အခက်အခဲတစ်ခုဖြစ်ပါသည်။

အုန်းပင်စုကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် ပက်-မြန်မာ ချေးငွေများရှိသော်လည်း တင်းကြပ်သောချေးငွေစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်ခြင်း သည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန်အတွက် အဟန့်အတားများဖြစ်နေပါသည်။

ကျေးရွာခေါင်းဆောင်မှုအပိုင်းတွင် ကျေးရွာလူကြီးများမှဦးဆောင်နေသော်လည်း လူငယ်များမှာ အားနည်းနေခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးမှုအတွက် နောက်ကျကျန်နေကြရပါသည်။ ကျေးရွာရှိလူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အခက်များရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးရေးသဘောတရားများကို သဘောပေါက်နားလည်မှုအားနည်းနေကြ သည်မှာ အနာဂါတ်ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများဖြစ်နေပါသည်။

### (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ အုန်းပင်စုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြသော

အခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင် နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို ၂၀၁၈ခုနှစ်မှ ၂၀၂၂ခုနှစ်)အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာ စေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက် အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက် များကို မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။**

**(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေး လုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။**

**(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူ အုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာအတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်း များအတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့

ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင် ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင် ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့် ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ**

အုန်းပင်စုကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေး ပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

အုန်းပင်စုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ညောင်တုန်းမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင်

နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေး နှင့်ကုသရေး ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်း များအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှ ိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချ နိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသ များတွင် ရွှေ့ပြောင်း လုပ်ကိုင်နေ သူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

### (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေး ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော် ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက် မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူ ပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ် ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြား အဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေး ကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၆၉ | ၈ | • ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဥ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဥ်ခြင်း | |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
